
ရှိုင်းဝေလင်း( ပုတီးကုန်း)
အင်းတော်ရှင်ရဲ့ခေါင်နှင့်
ရွာပျောက်ကြီး ရှာပုံတော်

# အင်းတော်ရှင်ရဲခေါင်နှင့် ရွှာပျောက်ကြီး ရှာပုံတော်

အင်းတော်ရှင် ရဲခေါင်နှင့် မဟာသိဒ္ဓိလည်း နဂါးနက်ပေစာကို ဝစကြာ စေတီတော်တွင် ဌပနာ၍ မြေလျှောက်ဝိဇ္ဇာ အဘိုးအို၏ တာဝန်ပေးချက်အရ သီရိရက္ခ ဆေးတောင်တော်မှ ပျောက်ဆုံးသွားသော ဂမုန်းတစ်ထောင် အပင်အား ရှာဖွေရန် အတွက် ပဲခူးရိုးမ တောထဲတွင် ပျောက်ဆုံးနေသော ရွှာပျောက်ကြီး ဆီသို့ ခရီးဆက်ခဲ့သည် ။

'' မဟာသိဒ္ဓိရေ ... ပဲခူးရိုးမ တောင်ခြေတော့ ရောက် လာပြီ တောထဲဝင်ကြစို့ကွာ ''

'' နေဦးဆရာ နေရာတိုင်းမှာ သူ့ အပိုင်နဲ့ သူ ရှိတယ် တောစောင့်တောင်စောင့်ပုဂ္ဂိုလ်တွေကို အရင် ခွင့်တောင်းသင့်တယ်၊ ခွင့်မတောင်းရင်တောင်မှ အသိ ပေးသင့်တယ်လို့ ထင်တယ်ဆရာ ''

'' အေးကွာ ဒါဆိုလည်း ခွင့်တောင်း ရတာပေါ့ ''

'' ဟုတ်ကဲ့ဆရာ ရဲခေါင် အာဏာစက်ကို သုံးပြီး အမိန့်ပြန်ပါ ''

'' ကိုင်း ငါအင်းတော်ရှင် အမိန့် ပြန်လိုက်မယ် ဤနေရာ ဤဒေသကို ပိုင်ဆိုင်သော ပုဂ္ဂိုလ် ယခုချက်ချင်း ငါ့ရှေ့ ရောက်စေ ''

'' ဝုန်း ... ...''

ရဲခေါင်တို့ ရှေ့မလှမ်းမကမ်းရှိ မြေကြီးမှ ပေါက်ကွဲသံကြီး ထွက်လာပြီး မီးခိုးကဲ့သို့သော အခိုးငွေ့များ ဖုံးလွှမ်းသွားပြီးနောက် ထိုမီးခိုးများ ပြယ်သွားသော် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ယောက် တောင်ဝှေးတစ်ချောင်း ထောက်ကာ ပေါ်လာပြီး ရဲခေါင်တို့ ဆီသို့ လျှောက်လှမ်း လာခဲ့သည် ။

'' အော် အမိန့် အင်မတန် ပြင်းလို့ ချက်ချင်း ထွက်လာရတာ အမိန့်ပြန်တဲ့ လူက အင်းတော်ရှင် ရဲခေါင်ပါလား ''

'' အော် အဘိုးက ကျုပ်ကို သိတယ်လား ''

'' သိတာပေါ့ကွယ် နဂါးနက်ကြီးကို အနိုင်ယူပြီး နဂါးနက်ပေစာကို ရအောင် ယူခဲ့တဲ့ အင်းတော်ရှင် ရဲခေါင်ဆိုတာ ဝိဇ္ဇာလောကမှာ နာမည်ကြီးနေတာပဲ ''

'' ဒါတွေ ထားလိုက်ပါ အဘ၊ အဘက ဒီတောကို ပိုင်တဲ့ ပုဂ္ဂိုလ်လား ''

'' မဟုတ်ဘူး ကွယ့် တောင်ပိုင်ပုဂ္ဂိုလ် မရှိတော့တဲ့ အတွက် အဘကပဲ ဒီတော၊ ဒီတောင်ကို တာဝန်ယူ စောင့်ရှောက် နေရတာ ''

'' အဘက ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ''  မဟာသိဒ္ဓိမှ ဝင်မေးလိုက်သည် ။

'' အဘက ဟောဒီပဲခူးရိုးမ အနီးတစ်ဝိုက်ကို စောင့်ရှောက်ဖို့ တာဝန်ပေးခြင်း ခံထားရတဲ့ မြေစောင့်နတ်ပဲ ''

'' ဒါနဲ့ အဘ တောင်စောင့် ပုဂ္ဂိုလ်ဟာ ဘာကြောင့် မရှိတော့တာလဲ ''

'' ပြောရမယ် ဆိုရင်တော့ အရှည်ကြီး ပေါ့ကွယ် ''

'' ဒီတောင်စောင့် ပုဂ္ဂိုလ်ဟာ အင်မတန် အေးဆေးတည်ငြိမ်တဲ့ ပုဂ္ဂိုလ်ပဲကွယ့် တစ်နေ့တော့ ဟောဒီ ပဲခူးရိုးမတောထဲက ရွာပျောက်ကြီးမှာ ပြဿနာ အကြီးအကျယ် တက်ပြီး ဂမုန်းတစ်ထောင် စေတီမှာ ဖမ်းချုပ်ခြင်း ခံခဲ့ရတယ် ''

'' ဘယ်လို ဂမုန်းတစ်ထောင် စေတီ ဟုတ်လားအဘ ''

'' ဟုတ်ပါတယ် အင်းတော်ရှင် အဲဒီ ရွာပျောက်ကြီးဟာ အသူရကာယ်ဘုံနဲ့ လူ့ဘုံကို ဆက်ထားတဲ့ နေရာတွေထဲက တစ်ခု ပါဝင်တယ် ''

'' ကျုပ်တို့ လာတာကလည်း အဲဒီ ဂမုန်းတစ်ထောင် ပင်ကို သူ့မူလနေရာ ဖြစ်တဲ့ သီရိရက္ခ ဆေးတောင်တော်ကို ပြန်ပို့ပေးဖို့ ပဲ ''

'' အိမ်း ဒီကိစ္စကို အထက် ပုဂ္ဂိုလ်တွေက ဖြေရှင်းဖို့ အတွက် အင်းတော်ရှင်လို ပုဂ္ဂိုလ်မျိုးကို စေလွှတ်လိုက်တာပဲ ကောင်းလေစွ ကောင်းလေစွ ''

'' ဒီကိစ္စ ဟုတ်လားအဘ ဘယ်လို အကြောင်းကိစ္စတွေလဲ ''

'' အဘ အစကနေ ပြောပြပါ့မယ်ကွယ် လောလောဆယ်တော့ အင်းတော်ရှင်တို့ အနားယူဖို့ စီစဉ်ပေးပါ့မယ် ''

ဟု ဆိုကာ ကိုင်ထားသော တောင်ဝှေးကို လေထဲသို့ မြှောက်ပြီး ရမ်းလိုက်သောအခါ အနီးရှိ သစ်ပင်ကြီး တစ်ပင်မှ အိမ်လေးတစ်လုံး အဖြစ်ပြောင်းလဲသွားသည် ။

'' ဟာ အဘ ပညာကလည်း မသေးပါလား ''

'' အင်းတော်ရှင်နဲ့ ယှဉ်လိုက်မယ် ဆိုရင်တော့ အဘ ပညာဟာ မပြောပလောက်ပါဘူးကွယ် လာလာ အထဲကို ကြွပါ ''

အဘိုးအိုသည် ပြောဆိုပြီး တောင်မွေးကို ထောက်ကာ အိမ်လေးထဲသို့ ဝင်သွားခဲ့သည် ။

ရဲခေါင်တို့ လည်း နောက်မှ လိုက်သွားခဲ့သည် ။ အထဲသို့ရောက်သော် စားစရာ အသီးအနှံ အစုံအလင် ခင်းကျင်းထားသော စားပွဲကြီး တစ်ခုကို တွေ့လိုက်ရသည် ။

'' အင်းတော်ရှင်တို့ သုံးဆောင်ပါ ''

ရဲခေါင်တို့ လည်း စားသည် ဆိုရုံသာ စားသောက်ပြီး မြေစောင့်နတ်ကို မေးလိုက်သည် ။

'' အဘ တောစောင့် ပုဂ္ဂိုလ်နဲ့ ဂမုန်းတစ်ထောင် စေတီနဲ့ ဘယ်လိုများ ပတ်သက်လို့ အချုပ်ခံထားရတာလဲ အဘတို့ ကရော သွားမကယ်ဘူး ''

'' ကယ်ချင်တာပေါ့ကွယ် ဒါပေမဲ့ တောင်စောင့် ပုဂ္ဂိုလ်ဟာ စည်းဖောက်သလို ဖြစ်သွားတာကွယ့် ဖြစ်ပုံက ဒီလိုကွယ့် ''

'' လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီတောထဲကို အောက်လမ်းဆရာ နှစ်ယောက် ရောက်လာခဲ့တာက စခဲ့တာပေါ့ကွယ် ''

***